# အိတ်ဖွင့်ပေးစာ

ရက်စွဲ ။ ။ ၂၆၊ ၆၊၂၀၂၀

သို့

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်
နိုင်ငံတော်သမ္မတရုံး၊ နေပြည်တော်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်။

**အကြောင်းအရာ။ ။ ညှဉ်းပန်းနှိပ်စက်မှုပပျောက်ရေးနှင့် ညှဉ်းပန်းနှိပ်စက်ခံရသူများအား ကူညီထောက်ပံ့ ရေးအတွက် အိတ်ဖွင့်ပေးစာပေးပို့ခြင်း။**

(၁) ညှဉ်းပန်းနှိပ်စက်မှုကင်းစင်ရေးနှင့် ညှဉ်းပန်းနှိပ်စက်ခံလူသားများ၏ တရားမျှတမှု၊ ပြန်လည်ကုစားခွင့်နှင့် အသွင်ကူးပြောင်းမှုဆိုင်ရာတရားမျှတမှုလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ဒီမိုကရေစီ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး အောင်အောင်မြင်မြင် ဖော်ဆောင်မှုအတွက် အဓိကကျသော အခန်းကဏ္ဍတစ်ခုအဖြစ် ရှိနေသည်ကို မိမိတို့ လက်ခံယုံကြည်ပါ သည်။

(၂) ညှဉ်းပန်းနှိပ်စက်မှုဟုဆိုရာ၌ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်မှု အဖြစ်ရှိရာ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ်(၅)တွင် မည်သူ့ကိုမှ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သို့မဟုတ် ရက်စက်ကြမ်းကြုတ် လူမဆန်စွာ ဂုဏ်ငယ်စေသော ဆက်ဆံမှုဖြင့် မဆက်ဆံရ၊ သို့မဟုတ် အပြစ်ပေးခြင်းမပြုရဟုလည်း ဖော်ပြထားပါသည်။ လက်ရှိမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများဖြစ်သော ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံး၊ ရဲလက်စွဲ၊ ရဲအက်ဥပဒေ၊ တရားရုံးလက်စွဲစသည့် ဥပဒေများတွင် ညှဉ်းပန်းနှိပ်စက်ခြင်းများကို ခွင့် ပြုထားခြင်း မရှိကြောင်း အတိအလင်းဖော်ပြ ပြဌာန်းထားပါသည်။ သို့သော် မြန်မာနိုင်ငံတွင် ညှဉ်းပန်းနှိပ်စက်မှုများသည် အတိတ်တွင်ရှိခဲ့သည့်အပြင် ယခုအချိန်ထိလည်း ကျင့်သုံးနေဆဲဖြစ်ပါသည်။ အထူးသဖြင့် စစ်ပဋိပက္ခဖြစ်ပွားသည့် တိုင်းရင်းသားဒေသများတွင် ညှဉ်းပန်းနှိပ်စက်မှုများ ကြုံတွေ့နေရဆဲဖြစ်ပါသည်။ အများအားဖြင့် ညှဉ်းပန်းနှိပ်စက်မှုများကို သတင်းအချက်အလက်ရရှိရန်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (သို့)မတရားအသင်းများနှင့် ပတ်သက်ဆက်သွယ်သည်ဟု သံသယဖြင့် မြန်မာ့တပ်မတော်မှ ဖမ်းဆီးကာ ရက်ရှည်ထိန်းသိမ်းချုပ်နှောင်ထားရှိ၍ အတင်းအကြပ်ဝန်ခံထွက်ဆိုစေရန် ညှဉ်းပန်းနှိပ်စက်မှုများ ကျူးလွန်နေသည်လည်းရှိပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၁၉) ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရသည့် ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်း

မြို့နယ်၊ ကျောက်ဆိပ်ကျေးရွာသား (၅)ဦးအား တပ်မတော် ရေယာဉ်တစ်ခုတွင် ဖမ်းဆီး နှိပ်စက်ခံ ရမှုလည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

(၃) မြန်မာ့တပ်မတော်မှ ကျူးလွန်သည့် အချို့သော ညှဉ်းပန်းနှိပ်စက်မှုများကို စစ်ခုံရုံးဖွဲ့ စစ်ဆေး အရေးယူမှုများ ပြုလုပ်နေသည်ဟု တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ သတင်းစာရှင်း လင်းပွဲမှ တစ်ဆင့်ကြား သိရပါသည်။ သို့သော် တရားမျှတမှုဆိုသည်မှာ ကျူးလွန်သူများကို တရားစွဲဆို အပြစ်ပေးခဲ့ရုံ သက်သက်မျှသာမဟုတ်ဘဲ ပွင့်လင်းမြင်သာမှုရှိရှိဖြင့် ထိုက်သင့် သည့် ပြစ်ဒဏ်ချမှတ်ကာ ကျူးလွန်ခံရသူများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာကုစား မှုများအပြင် အခြားလိုအပ်သော ကူညီထောက်ပံ့မှုနှင့်အတူ တရားမျှတမှုကို ထည့်သွင်းဆောင် ရွက်သင့်သည့် အရာဖြစ်ပါသည်။

(၄) သို့ဖြစ်ရာ ယခုအချိန်တွင် မြန်မာနိုင်ငံအစိုးရအနေဖြင့် ညှဉ်းပန်းနှိပ်စက်မှုကျူးလွန်သူများကို စုံစမ်းစစ်ဆေး အရေးယူမှုများ ထိထိမိမိ လုပ်ဆောင်မှု အားနည်းခြင်း၊ ပျက်ကွက်ခြင်း များကြောင့် ကျူးလွန်သူများသည် အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ် နေမှုအစဉ် အလာသည် ဆက်လက်ဖြစ်ပေါ် လျက်ရှိနေပါသည်။ ကျူးလွန်ခံရသူများ၏ အခွင့်အရေးကို ကာကွယ်ရန်နှင့် သင့်လျော်သော ကုစားမှု အကူအညီများ ထောက်ပံ့ခြင်းများကို မူဝါဒ တစ်ခုအဖြစ် ချမှတ်ဆောင်ရွက်ရန် အရေးတကြီးလိုအပ်လျက်ရှိနေပါသည်။ ပြီးခဲ့သည့် ၂၀၁၀ - ၂၀၁၅ လွှတ်တော်သက်တမ်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အောင်မိုးညို (လက်ရှိမကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်) မှ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားရက်စက်၍ လူမဆန်သော (သို့) လူ့ဂုဏ်သိက္ခာ ကျဆင်းစေသော ဆက်ဆံမှု (သို့) ပြစ်ဒဏ်ပေးမှုဆန့်ကျင်ရေး နိုင်ငံတကာစာချုပ် ( United Nation Convention Against Torture - UNCAT) ကို လက်မှတ်ရေးထိုးရန် အဆိုတင်သွင်းရာ လွှတ်တော်မှ ထောက်ခံ အတည်ပြုပေးခဲ့ပြီး သမ္မတဦးသိန်းစိန်ဦးဆောင်သော အစိုးရအဖွဲ့မှ လက်မှတ်ရေးထိုးမည် ဖြစ်ကြောင်း ကတိပြုထုတ်ပြန်ပြောဆိုခဲ့သဖြင့် လက်ရှိသက်ဆိုင်ရာအစိုးရမှ အမြန်ဆုံး လက်မှတ်ရေးထိုးရန် လိုအပ်လျက်ရှိနေပါသည်။

(၅) ထို့ကြောင့် ညှဉ်းပန်းနှိပ်စက်မှုကင်းစင်ရေး၊ တရားမျှတမှု၊ ပြန်လည်ကုစားခွင့်နှင့် အသွင်ကူး ပြောင်း မှုဆိုင်ရာတရားမျှတမှု လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှ တစ်ဆင့် အမျိုးသားပြန်လည် သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေး အောင် အောင်မြင်မြင် ဖော် ဆောင်နိုင်စေရန်ရှေ့ရှု၍ ယနေ့ကျရောက်သည့် **အပြည်ပြည်ဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှု ပပျောက်ရေး နှင့် နှိပ်စက်ခံသူများအား ကူညီထောက်ပံ့သောနေ့** တွင် အောက်ပါစာရင်းတွင်ဖော်ပြထားသော အရပ်ဘက်လူမှုအဖွဲ့အစည်းပေါင်း (၁၀၆)ဖွဲ့မှ အောက် ပါအချက်များကို လေးစားစွာဖြင့် လေးလေးနက်နက် တောင်းဆိုအပ်ပါသည်။

**<u>တောင်းဆိုချက်များ</u>**

(၁) ပြီးခဲ့သည့် အစိုးရသက်တမ်းတွင် အတည်ပြု ဆွေးနွေးခဲ့သော UNCAT (United Nation Convention Against Torture ) စာချုပ်အား လက်ရှိအစိုးရမှ လက်မှတ်ရေးထိုးခြင်းကို အရေးတကြီး အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်။

(၂) စစ်မက်ဖြစ်ပွားရာဒေသများတွင် မြန်မာ့တပ်မတော်မှ ကျူးလွန်သော လူ့အခွင့်အရေး ချိုးဖောက်မှု၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် ကျူးလွန်မှုများကို ထိရောက်စွာ စုံစမ်း စစ်ဆေးအရေးယူ ဆောင်ရွက်ပေးပြီး တရားမျှတမှုရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်။

(၃) ကျူးလွန်သူများကို အပြစ်ပေးအရေးယူခံခြင်းမှ ကင်းလွတ် နေမှုအစဉ်အလာ ရပ်တန့်နိုင်ရေးကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်။

(၄) ညှဉ်းပန်းနှိပ်စက်ခံရသူများ၏ ပြန်လည်ကုစားခွင့်နှင့် လိုအပ်သောကူညီထောက်ပံ့မှုများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် မူဝါဒတစ်ရပ်ကို အစိုးရမှ အမြန်ဆုံးချမှတ်ပေးရန်။

(၅) တိုင်းရင်းသားဒေသများသို့ မြန်မာ့တပ်မတော်မှ ထိုးစစ်ဆင်နေမှုများကို ရပ်တန့်နိုင်ရန်နှင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေး ကို အရှိန်အဟုန်မြှင့်စွာ လုပ်ဆောင်ပေးရန်။

(၆) မြန်မာနိုင်ငံအတွင်း ညှဉ်းပန်းနှိပ်စက်မှုများနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများကို ဖြေရှင်းရန်အတွက် မကြာသေးမီကတည်ထောင်ခဲ့သော အပြည်ပြည်ဆိုင်ရာ တာဝန်ယူ၊ တာဝန်ခံမှု ယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်သွားပေးရန်။

(၇) မြန်မာ့တပ်မတော်မှ ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို အရပ်ဘက်တရားရုံး၌ တရား စွဲဆိုမှု ပြုလုပ်နိုင်ရန်နှင့် စုံစမ်းစစ်ဆေးရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်နိုင်သည့် အဖွဲ့များ ဖွဲ့စည်းပေးရန် တောင်းဆိုအပ်ပါသည်။

မိတ္တူကို-

(၁) နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံတော်အတိုင်ပင်ခံရုံး

(၂) ဥက္ကဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

(၃) ဥက္ကဌ၊အမျိုးသားလွှတ်တော်၊ နေပြည်တော်

(၄) ဥက္ကဌ၊ ပြည်သူ့လွှတ်တော်၊ နေပြည်တော်

(၅) ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နေပြည်တော်

(၆) လက်ခံ

**ဆက်သွယ်ရန်။**

| | | | |
|---|---|---|---|
| (၁) ။ | ဦးခိုင်ကောင်းစံ | ၊ | ဖုန်း - ၀၉၄၅၀၅၄၂၈၉၅ |
| (၂) ။ | ဦးသန်းလှ | ၊ | ဖုန်း - ၀၉၄၄၈၀၁၆၃၃၇ |
| (၃) ။ | ဦးဆိုင်းလတ်အောင် | ၊ | ဖုန်း - ၀၉၉၅၁၃၉၈၄၀၉ |
| (၄) ။ | ဦးအိုင်ဇက်အောင် | ၊ | ဖုန်း - ၀၉၄၂၅၂၈၉၈၃၉ |
| (၅) ။ | ဦးဇော်ဇော်ထွန်း | ၊ | ဖုန်း - ၀၉၄၂၁၇၄၁၂၅၅ |

**<u>တောင်းဆိုသည့် အဖွဲ့အစည်းများ</u>**

(၁) ကျောက်ဖြူခရိုင်ဒေသဖွံ့ဖြိုးရေးအဖွဲ့
(၂) ကစ္စပအားမာန်အဖွဲ့
(၃) ခမီတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း
(၄) ခမီးအင်အားစုဖောင်ဒေးရှင်း
(၅) ဂရုနာလှိုင်းသွေးလှူရှင်အဖွဲ့
(၆) စာပေဥယျာဉ်
(၇) စာပေနှင့်ယဉ်ကျေးမှုအသင်း ( ရခိုင်ပြည်နယ် )
(၈) ညီညွတ်သောရခနှင့်လူငယ်များအစည်းအရုံး
(၉) နာရေးကူညီမှုအသင်း( ရခိုင်ပြည်နယ် )
(၁၀) ပုဏ္ဏားကျွန်းမြို့နယ်ပရဟိတသွေးလှူရှင်များအဖွဲ့
(၁၁) ဘူးသီးတောင်မြို့ စာကြည့်တိုက်အသင်း
(၁၂) မြိုတိုင်းရင်းသားစာပေယဉ်ကျေးမှုအသင်း
(၁၃) မျိုးသာကီနွယ်

(၁၄) မျိုးဆက်သစ်လူငယ်များအဖွဲ့
(၁၅) မေယုရင်သွေးလှူမှုကူညီရေးအသင်း
(၁၆) မြို့နယ်လူမှုကူညီရေးအသင်း( ရခိုင်ပြည်နယ် )
(၁၇) မြို့နယ်နာရေးကူညီမှုအသင်း( ရခိုင်ပြည်နယ် )
(၁၈) ရသေ့တောင်လူငယ်ကွန်ရက်
(၁၉) ရခိုင်အမျိုးသမီးကွန်ရက်
(၂၀) ရှမ်းပြည်နယ် ကချင်အမျိုးသားလုံးဆိုင်ရာကွန်ယက်
(၂၁) ရခိုင်အမျိုးသမီးရှေ့ဆောင်အဖွဲ့
(၂၂) ရက္ခရင်သွေးဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်း
(၂၃) ရခိုင်တစ်မျိုးသားလုံးညီညွတ်ရေးကော်မတီ
(၂၄) ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်အဖွဲ့
(၂၅) ရမ်းဗြဲလူငယ်ကွန်ရက်
(၂၆) ရခိုင်မျိုးချစ်လူငယ်ကွန်ရက်
(၂၇) ရွှေသဇင်အမျိုးသမီးဦးဆောင်အဖွဲ့
(၂၈) ရမ္မာရွှေမြေပရဟိတအသင်း
(၂၉) ရခိုင်ပြည်နယ်မသန်စွမ်းအဖွဲ့
(၃၀) လူထုအကျိုးဆောင်ကော်မတီ
(၃၁) လူငယ်အားမာန်
(၃၂) သာလီစွ သွေးလှူရှင်အသင်း
(၃၃) သွေးကွန်ရက်အဖွဲ့ ( ရခိုင်ပြည်နယ် )
(၃၄) အစိမ်းရောင်အလင်းတန်းများအသင်း ( KCWG )
(၃၅) အမျိုးသမီးလူမှုကွန်ရက်
(၃၆) အမျိုးသမီးထုများစွမ်းရည်မြှင့်တင်ရေးအဖွဲ့
(၃၇) ဦးရာဇ်မြေလူမှုရေးအသင်း ( ရခိုင်ပြည်နယ် )
(၃၈) All Arakan Students' and Youths' Congress – AASYC
(၃၉) Assistance Association for Political Prisoners – AAPP
(၄၀) Ar Rakha Organization
(၄၁) Athan - Freedom of Expression Activist Organization
(၄၂) Arakhan Foundation
(၄၃) All Kachin Youth Union ( AKYU )
(၄၄) Action Committee for Democracy and Development (ACDD)
(၄၅) Alin Bamaw Local Development Organization
(၄၆) Association Human Rights Defenders and Promoters –HRDF
(၄၇) Affiliate Members

(၄၈) Burmese Women’s Union - BWU

(၄၉) Chin Human Rights Organization – CHRO

(၅၀) Community Empowerment and Resilience Association (CERA)

(၅၁) Daifin Social Services

(၅၂) Equality Myanmar (EQMM)

(၅၃) East Bago- Former Poltical Prisoners Network – EB-FPPN

(၅၄) Future Light Education Centre

(၅၅) Future Light Center – FLC

(၅၆) Generation Wave (GW)

(၅၇) Genuine People's Servants (GPS)

(၅၈) Green Lives

(၅၉) Grip hands

(၆၀) Human Rights Educators Network (HREN)

(၆၁) Humanity Institute ( HI )

(၆၂) Human Rights Legal Clinic ( HRLC )

(၆၃) Human Rights Foundation of Monland- HURF

(၆၄) Htoi San Local Development Organization

(၆၅) Kayan Women’s Organization (KyWO)

(၆၆) Kachin Women’s Association Thailand – KWAT

(၆၇) Rakhine Youth New Generation Network (RYNG-N)

(၆၈) Karenni Human Rights Group (KnHRG)

(၆၉) Karebni Women’s Organization - KnOW

(၇၀) Kachin Women Union ( KWU )

(၇၁) Koung Jor Shan Refugee Camp

(၇၁) Kyautphyu Rural Development Association (KRDA)

(၇၂) Karen Human Rights Group (KHRG)

(၇၃) Karen Women Organization

(၇၄) Kachin Development Networking Group (KDNG)

(၇၅) Loka Ahlinn (Social Development Organization)

(၇၆) Lahu Women’s Organization

(၇၇) Lisu Civil Society Organization

(၇၈) Myat Dana Blood Donation Association

(၇၉) Metta Campaign Mandalay

(၈၀) Myanmar People Alliance - Shan State (MPA-SS)

(၈၁) New Youth Generation
(၈၂) Network for Human Rights Documentation – Burma (ND-Burma)
(၈၃) Namkyeo Parahita Foundation
(၈၄) Nam shani Social Development Organization
(၈၅) People For People (PFP)
(၈၆) Peace and Development Initiative-Kintha (PDI-Kintha)
(၈၇) Pa-O Youth Organization – PYO
(၈၈) Pa-O Women's Union
(၈၉) PNG Development Youth Organization (PDYO)
(၉၀) Progressive Voice – PV
(၉၁) Rakhine Ethnic Congress (REC)
(၉၂) Rahkaing Women's Union
(၉၃) RamBray Youth Network (RYN)
(၉၄) Shingnip Legal Aid Network Group
(၉၅) Sha-it Social Development Foundation
(၉၆) Shan Women's Action Network
(၉၇) Synergy-Social Harmony Organization
(၉၈) Ta-ang women's Organization ( TWO)
(၉၉) Ta-ang Students and Youth Union ( TSYU)
(၁၀၀) Tai Youth Network (TYN)
(၁၀၁) The Seagull:Human Rights, Peace & Development
(၁၀၂) Tavoyan Women's Union (TWU)
(၁၀၃) Western Gate Humanitarian Relief Association
(၁၀၄) Wan Lark Development Foundation
(၁၀၅) Women's for Justice
(၁၀၆) WDAB ရေအလှူရှင်များအသင်း